**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၇ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် (ပြင်ဆင်ချက်) အက်ဥပဒေ။**

**[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။]**

**၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။**

**(၁၉၅၇ ခုနှစ်၊ စက်တဘ်ာလ ၂၇ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာ သည်။ အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် ၁၉၅၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် အက်ဥပဒေ ပုဒ်မ ၆ အစား၊ အောက်ပါကို ပုဒ်မ ၆ အဖြစ်ထည့် သွင်းရမည်။

**နိုင်ငံတော်ရှေ့နေချုပ်၏ လစာငွေ။**

"၆။ ။ နိုင်ငံတော် ရှေ့နေချုပ်လစဉ် ရထိုက်ခွင့်ရှိသည့် လစာငွေသည် နိုင်ငံတော်သမတက နည်းဥပဒေ ဖြင့်သတ်မှတ်သည့် ကျပ်နှစ်ထောင့်ငါးရာ (၂,၅၀၀) အောက်မနည်း ကျပ်သုံးထောင် (၃,၀၀၀) ထက် မများသော လစာငွေဖြစ်ရမည်။"

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့။ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။

(၁၉၅၇ ခုနှစ်၊ စက်တဘ်ာလ ၂၇ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၇၄]